


## ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် ကျဆုံးခဲ့သည့် (၆၉)နှစ်ပြည့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏ထုတ်ပြန်ကြေငြာချက်

ခရစ်သက္ကရာဇ် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်

ရပ်ကွက်ရှင်လူမိဘပြည်သူအပေါင်းတို့

ဒီကနေ့ဟာဆိုရင် ကျောင်းသားအာဇာနည် ကိုအောင်ကျော်ကျဆုံးခဲ့တာ (၆၉)နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်တယ်။ ကိုအောင်ကျော်ရဲ့သွေးတွေ၊ ကျောင်းသားထုရဲ့သွေးတွေ ကျနော်တို့နိုင်ငံရဲ့လမ်းတွေပေါ်မှာ စွန်းထင်ပေလူးနေခဲ့တာလည်း (၆၉)နှစ် ရှိခဲ့ပြီ ဖြစ်တယ်။

ကိုအောင်ကျော်ကစလို့ ဟယ်ရီတန်၊ ဆလိုင်းတင်မောင်ဦး၊ ကိုဖုန်းမော်၊ ကိုသက်ဝင်းအောင် နောက်ဆုံး ကိုကိုဝင်းအထိ ကျောင်းသားလူငယ်တွေဟာ အသက်သွေးတွေ စတေးစွန့်လွှတ်ရင်း ပြည်သူအတွက် အမှန်တရားကို ရယူပေးဖို့ တိုက်ပွဲပေါင်းအလီလီ ဆင်နွှဲခဲ့ကြပြီး ဖြစ်တယ်။ မရေမတွက်နိုင်အောင် များပြားလှတဲ့ ကျောင်းသားညီအစ်ကိုတွေဟာ နယ်ချဲ့အာဏာရှင်၊ ဖက်ဆစ်အကြမ်းဖက်အာဏာရှင်၊ စစ်ဝါဒီအာဏာရှင်စတဲ့ အာဏာရှင်ဆိုး အမျိုးမျိုးကို ရိုးဖွဲ့ကွေးညွှတ်လို့မရတဲ့ ခွပ်ဒေါင်းစိတ်ဓာတ်နဲ့ တစိုက်မတ်မတ် တော်လှန်ခဲ့ကြတယ်။ ဒီအာဏာရှင်အဆက်ဆက်ကလည်း အမှန်တရားဘက်က ပြတ်ပြတ်သားသား ထားဝရရပ်တည်ခဲ့တဲ့ ကျနော်တို့ ကျောင်းသားညီအစ်ကိုမောင်နှမတွေကို မောင်းပြန်သေနတ်တွေ၊ လှံစွပ်တွေ၊ နံပါတ်တုတ်တွေ၊ လက်ထိပ်တွေနဲ့ အကျဉ်းထောင်တွေကို အသုံးပြုပြီး ရက်ရက်စက်စက် တုန့်ပြန်ခဲ့ကြတယ်။

ဒီလိုဖိနှိပ်ရက်စက်ပေမဲ့လည်း ကျနော်တို့ကျောင်းသားတွေရဲ့ တော်လှန်ရေးအပေါ် ခိုင်မာအမြစ်တွယ်နေတဲ့ သန္နိဋ္ဌာန်ဟာ ပျောက်ပျက်ကုန်ဆုံးသွားတယ်လို့ မရှိခဲ့ပါဘူး။ ဒီနေ့ဒီရက်အထိ ကျနော်တို့ စစ်အာဏာရှင်စနစ်ဆိုးကို ခါးခါးသီးသီး ငြင်းဆန်လို့ ပြင်းပြင်းထန်ထန် တော်လှန်နေဆဲပါ။

အနာဂါတ်ကာလမှာလည်း အုပ်စိုးသူအာဏာရှင်တွေ ရှိနေသရွေ့၊ မိဘပြည်သူတွေ လူ့အခွင့်အရေး အပြည့်အဝ မရနိုင်သေးသရွေ့၊ ပြည်သူလူထုတရပ်လုံး ခံစားနေရတဲ့ ဒုက္ခပင်လယ်ဝေမှုတွေ အဆုံးမသတ်သေးသရွေ့ ကျနော်တို့ ဆက်လက်တိုက်ပွဲဝင်သွားမှာပဲ ဖြစ်တယ်။

ယုတ်မာဆိုးသွမ်းတဲ့ နအဖစစ်အာဏာရှင်များဟာ မကြာသေးခင်ကပဲ သားသုံးသား သုတ်သင်ရှင်းလင်းပွဲလို့ အမည်ပေးထားတဲ့ နိုင်ငံတော်လုပ်ကြံမှုကြီးကို ဖန်တီးခဲ့ပါတယ်။ ဘုရားသားတော် ရဟန်းသံဃာများနဲ့ ပြည်သူလူထုကြီးရဲ့ သားသမီးတွေဖြစ်တဲ့ ကျနော်တို့ ကျောင်းသားပေါင်းများစွာကို သွေးဆာနေတဲ့ စစ်ဘီလူးများက ရူးရူးမိုက်မိုက်နဲ့ သတ်ဖြတ်ချေမှုန်းခဲ့ပါတယ်။ ဒီစစ်ဘီလူးတွေက သူတို့ရဲ့အနိုင်းခံ အစေခံ စစ်သွေးကြွစစ်သားတွေ၊ လုံထိန်းရဲတွေ၊ စွမ်းအားရှင်နဲ့ ကြံ့ဖွံ့အဖွဲ့ဝင်တွေကိုလည်း နောက်ဆုံးသားတသား ရှင်းလင်းရေးအတွက် ထည့်သွင်းစဉ်းစားထားပြီးသားဆိုတာ မြေကြီးလက်ခတ်မလွဲ မှန်ကန်ပါလိမ့်မယ်။ ပြည်သူကို သတ်ဖြတ်ခဲ့တဲ့၊

သံဃာတွေ ကွယ်ပျောက်ပြီး သာသနာကို ညှိုးနွမ်းစေခဲ့တဲ့ ခုစရိုက်လုပ်ရပ်အမှားတွေရဲ့ တန်ပြန်ဆိုးကျိုးကို ဒီလက်တဆုပ်စာ လူတစုဟာ မကြာခင် ခံစားရအုန်းမှာလည်း ဖြစ်တယ်။

ကျနော်တို့ညီအစ်ကိုတွေရဲ့လက်တွဲတွေ ခိုင်မြဲနေကြမယ်ဆိုရင်၊ ကျနော်တို့ မိဘပြည်သူတွေရဲ့ နှလုံးအိမ်တွေထဲမှာ ညီညွတ်တဲ့စိတ်ထားနဲ့ စစ်အာဏာရှင်ကို လက်သင့်မခံနိုင်တဲ့ သံမဏိတော်လှန်ရေးစိတ်ဓါတ် အမြဲမပြတ် ကိန်းဝပ်နေမယ်ဆိုရင် တနေ့နေ့တချိန်ချိန်မှာ ကျနော်တို့ အမှန်တကယ်လိုလားနေတဲ့ စစ်မှန်တဲ့ဒီမိုကရေစီစနစ်ကို ထူထောင်နိုင်မှာ ဖြစ်တယ်။ စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းပစ်နိုင်မယ့် တကြောင်းတည်းသောလမ်းဟာလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ လူမျိုးစုံပြည်သူတရပ်လုံး တပေါင်းတစည်းတည်း တိုက်ပွဲဝင်ရေးသာ ဖြစ်တယ်။ ဒါမှသာ ဖိနှိပ်အုပ်စိုးမှု ကင်းမဲ့ပြီး လွပတဲ့နိုင်ငံတော်သစ်တရပ် မွေးဖွားနိုင်မယ်လို့ ကျနော်တို့အားလုံး ယုံကြည်ပါတယ်။ ။

**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်**